လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

မသက်ာဖွယ် နိုင်ငံခြားသားတစ်ဦးဝင်ရောက်ခဲ့မှုနှင့် ပတ်သက်၍ သဘောထားထုတ်ပြန်ချက်

၁။ (နဝတ-နအဖ) စစ်အစိုးရသည် ဒေါ်အောင်ဆန်းစုကြည်နှင့် ပတ်သက်၍ နိုင်ငံရေးအရဖြစ်စေ၊ ပုဂ္ဂိုလ်ရေးအရဖြစ်စေ ဖယ်ကျဉ်ထားရန်၊ အပုတ်ချရန် တီးတိုးဖြစ်စေ၊ မီဒီယာများမှဖြစ်စေနည်းလမ်းမျိုးစုံဖြင့်လုပ်ဆောင်ခဲ့သည်။ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ပါသည်။ ယခုဖြစ်ရပ်၌လည်း အလားတူနိုင်ငံရေးဂုဏ်သိက္ခာ၊ ပုဂ္ဂိုလ်ရေးဂုဏ်သိက္ခာ ထိခိုက်ကျဆင်း စေရန် ရည်ရွယ်လျက်(နအဖ)စစ်အစိုးရက ဖြန့်ထုတ်လိုက်သည့် ကိစ္စတစ်ခုသာဖြစ်သည်ဟု ယူဆပါသည်။

၂။ ယခုဖြစ်ရပ်မှာ ဒေါ်အောင်ဆန်းစုကြည်၏ အသက်အန္တရာယ်နှင့် ပတ်သက်၍ လုံခြုံရေး အာမခံချက်လုံးဝ မရှိကြောင်း ကိုပါ အထင်အရှား ဖေါ်ပြနေပါသည်။ ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်၏ အသက်အန္တရာယ်လုံခြုံရေး ကို ကျွန်တော်တို့ပါတီက အထူးစိုးရိမ်ပါသည်။

၃။ သို့ပါ၍ ဖြစ်ပေါ်လာမည့် အကျိုးဆက်မှန်သမျှနှင့်ပတ်သက်၍(နအဖ) စစ်အစိုးရ၏ တာဝန်သာဖြစ်သည်။

၄။ ရွှေဂုံတိုင်ကြေညာချက် ထွက်ပေါ်လာပြီးနောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များ နှုတ်ထွက်သည့် သတင်းများ၊ ဒေါ်အောင်ဆန်းစုကြည် အယူခံပယ်ချလိုက်သည့် ဖြစ်ရပ်များနောက် တစ်ဆက်တည်းဖြစ်ပေါ်လာသည့် ဖြစ်ရပ်တစ်ခုဖြစ်ပါသည်။

၅။ ယခုဖြစ်ရပ်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ဒေါ်အောင်ဆန်းစုကြည်အပေါ် အညှိုးကြီးစွာဖြင့် လုပ်ဆောင်ခဲ့သည့် ဖြစ်ရပ်များအနက်မှတစ်ခုဖြစ်သဖြင့် ယခုကဲ့သို့ သိမ်ဖျင်းသေးနုတ်ပြီး ဆိုးညစ်သော လုပ်ဆောင်မှုများကို ရပ်တန်းကရပ်ရန် (နအဖ)စစ်အစိုးရကို ကျွန်တော်တို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက သတိပေးလိုက်သည်။

ဗဟိုကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
၂၀၀၉ ခုနှစ်၊ မေလ (၇)ရက်။

ဆက်သွယ်ရန် ကိုခင်မောင်တင့် +၆၆ ၈၉၅၅၄၄၆၅၈
ကိုငွေလင်း +၆၆ ၈၁၄၇၅၉၂၂၃